# လုံခြုံရေးကောင်စီဆုံးဖြတ်ချက်ချမှတ်နိုင်ရေး ကြိုးပမ်းမှု အဲန်အယ်လ်ဒီထောက်ခံ

၂၈ နိုဝင်ဘာ ၂၀၀၆

မြန်မာနိုင်ငံအရေးကိစ္စနဲ့ပတ်သက်လို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီက တိကျတဲ့ဆုံးဖြတ်ချက်တစ်ခု ချမှတ်နိုင်အောင် အမေရိကန်အစိုးရက ကြိုးပမ်းနေတဲ့အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြိုဆိုလိုက်ပြီးတော့ ကုလသမဂ္ဂထိပ်တန်းအရာရှိ မစ္စတာဂမ်ဘာရီ (Mr. Gambari) မြန်မာနိုင်ငံကို လာရောက်တဲ့အချိန်က စစ်အစိုးရကနေ အဲန်အယ်လ်ဒီကို ရွေးကောက်ပွဲဝင်ခွင့်ပြုမယ်လို့ပြောခဲ့တဲ့အပေါ် အဲန်အယ်လ်ဒီပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးကို ဆက်သွယ်မေးမြန်းပြီး ဗီအိုအေမြန်မာပိုင်းအစီအစဉ် ထိုင်းနိုင်ငံအခြေစိုက်သတင်းထောက် ဒေါ်အေးအေးမာက ခုလို သတင်းပေးပို့ထားပါတယ်။

မြန်မာ့အရေးကိစ္စနဲ့ပတ်သက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ဆုံးဖြတ်ချက်ချနိုင်အောင် ကြိုးစားနေတဲ့ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာဂျွန်ဘိုလ်တန် (Mr. John Bolton) ရဲ့ လုပ်ဆောင်ချက်တွေကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြိုဆိုခဲ့ပြီး အဲန်အယ်လ်ဒီရဲ့သဘောထားတွေကိုလည်း ပြောရေးဆိုခွင့်ရှိသူဖြစ်တဲ့ ဦးဉာဏ်ဝင်းက အခုလိုပြောပြပါတယ်။

> "အန်ကယ်တို့ပြောချင်တာတော့ အန်ကယ်တို့လည်း ဒီသဘောပဲ အရင်တုန်းက သူတို့ကို အကြောင်းကြားထားတယ်လေ၊ အဓိကပြောရရင်တော့ Dialogue ပေါ့၊ Dialogue မှာ ယူအဲန်အနေနဲ့က ထိုင်ကြည့်နေတဲ့လူမျိုးမဟုတ်ဘဲနဲ့ ကိုယ်တိုင်ပါဝင်ပြီးတော့ ဆောင်ရွက်ဖို့၊ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာလည်း UN Security Council ရဲ့ Resolution ပေါ့၊ Mandate ပေါ့၊ Mandate ပါမှ ထိရောက်အောင်မြင်မယ်လို့ အန်ကယ်တို့ယုံကြည်တယ်လေ၊ အဲဒီအတိုင်းလည်း တင်ပြထားဖူးပါတယ်။"

မြန်မာစစ်အစိုးရအနေနဲ့ ကုလသမဂ္ဂကိုယ်စားလှယ်ကြီး ပြန်သွားပြီးချိန်မှ တုန့်ပြန်ချက်တွေဟာ အားရစရာမရှိပုံကိုလည်း အဲန်အယ်လ်ဒီက အခုလိုပြောပြပါတယ်။

> "မစ္စတာဂမ်ဘာရီပြန်သွားတော့ ဒေါ်အောင်ဆန်းစုကြည်ကို One Year Extension လုပ်တယ်၊ ဒီ တစ်ခေါက်ပြန်တော့ ဒီမှာ ကြက်ခြေနီရုံးတွေကို ပိတ်ပြန်ရော၊ တိုက်ဆိုင်မှုလား ဘာလဲ အဲဒါ စဉ်းစားနေရတာပဲ။"

မစ္စတာဂမ်ဘာရီလာပြီးနောက်ပိုင်း အခြေအနေတွေမှာ တိုးတက်သင့်ပေမယ့် မြန်မာပြည်ရဲ့ အခြေအနေဟာ တိုးတက်မလာတဲ့အပြင် နိုင်ငံရေးအကျဉ်းသားတွေအတွက် ထိခိုက်နစ်နာစရာတွေ ဖြစ်လာတဲ့အကြောင်းကိုလည်း အခုလိုပြောပြပါတယ်။

> "တော်တော့်ကိုထိခိုက်တာပေါ့၊ ဝင်ခွင့်မရထဲကိုက တော်တော်ကို ထိခိုက်ပါတယ်၊ အိုင်စီအာရ်စီက ဝင်လို့ရှိရင် သူတို့ရဲ့ Welfare ရော၊ နောက်ပြီးတော့ မိသားစုဆက်သွယ်ရေး စာပို့တာရော၊ ဒါ သူ့လုပ်ထုံးလုပ်နည်းတွေမှာပါတယ်၊ ဆေးဝါးအကူအညီရော အကုန် ကျနော်တို့ အကျဉ်းသားတွေအတွက် အများကြီးနစ်နာပါတယ်။"

ဒါဆိုရင် မြန်မာနိုင်ငံရဲ့ ရှေ့အလားအလာတွေဟာ အဆိုးရွားဆုံးတွေ ဖြစ်လာနိုင်ပါသလားလို့ မေးတဲ့အခါမှာတော့ –

> "ပုံသဏ္ဍာန်အားဖြင့်တော့ မကောင်းဘူးပေါ့၊ ဒါပေမယ့်လို့ ဒီဟာတစ်ခုထဲနဲ့ မကောင်းတော့ဘူးလို့ ပြောလို့မရသေးဘူးလေ၊ တကယ့် အရေးကြီးတဲ့ နိုင်ငံရေးအဆုံးဖြတ်လိုဟာမျိုးက အဲဒါကို စောင့်ကြည့်ရဦးမှာကိုး။"

မြန်မာစစ်အစိုးရအနေနဲ့ မစ္စတာဂမ်ဘာရီ လာရောက်တဲ့အချိန်မှာ အမျိုးသားညီလာခံကြီးပြီးရင် ရွေးကောက်ပွဲပြန်လုပ်ပေးမယ်၊ ဒီရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုလည်း ပါဝင်ယှဉ်ပြိုင်ခွင့်ပေးမယ် ဆိုပြီး ပြောဆိုခဲ့တာကြောင့် ဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်လိုသဘောရပါသလဲလို့ မေးတဲ့အခါမှာတော့ –

> "သူ့ဥစ္စာ Road Map ခုနှစ်ချက်ကိုပဲ ပြန်ပြောနေတာပဲ၊ အန်ကယ်တို့ကတော့ သူတို့ပြောတာတွေကို အမြဲတမ်းမတုန့်ပြန်နိုင်ဘူး၊ အန်ကယ်တို့ကတော့ အမျိုးသားရင်ကြားစေ့ရေးကိုပဲ Try လုပ်နေတာ၊ သူတို့က အဲဒါနဲ့ဆန့်ကျင်ဘက်ပြောနေတာ၊ အဲဒီတော့ ဒီပြောနေတာကိုတုန့်ပြန်တော့ ထိပ်တိုက်ရင်ဆိုင်ဖို့ပဲရှိတာ၊ အန်ကယ်တို့က ထိပ်တိုက်ရင်ဆိုင်ရေးကိုလည်း ရှောင်တယ်လေ၊ အဲဒီတော့ သူတို့လုပ်မယ်ဆိုရင် ဘယ်လောက်လုပ်နိုင်မလဲ၊ တကယ်တမ်း အနှစ်သာရရှိတဲ့ဟာဖြစ်မလား၊ ဒါကတော့ ကြည့်ရမှာပေါ့။"